# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် **၃၉** / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက် )

**ပြစ်ဒဏ်ကျအကျဉ်းသားများစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် **"ပြစ်ဒဏ်ကျအကျဉ်းသားများစိစစ်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယရဲချုပ် ( ၂ ) အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒုတိယစစ်ရေးချုပ် အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ပြစ်ဒဏ်ကျအကျဉ်းသားများစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် ချမှတ်သင့်သော မူဝါဒများအား သုံးသပ်အကြံပြုတင်ပြရန်၊

(ခ) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် လျော်ကန်သင့်မြတ်မှုရှိသည့် နိုင်ငံသား / နိုင်ငံခြားသား အကျဉ်းသား/ သူများအား စိစစ်တင်ပြရန်၊

(ဂ) မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တို့၏ ပယောဂများ၊ တိုက်တွန်းချက်များကြောင့်မဟုတ်ဘဲ စစ်မှန်သော ရည်ရွယ်ချက်များနှင့်အညီ လွတ်ပေးသင့် လွတ်ပေးထိုက်သူများကိုသာ စိစစ်တင်ပြရန်၊

(ဃ) စိစစ်ရေးလုပ်ငန်းများအား သင့်လျော်သည့်အချိန်တွင် ကြိုတင်ဆောင်ရွက်ပြီး စာရင်းပြုစုတင်ပြရန်။

(င) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးမည့်နေ့ရက်အထိ အကျုံးဝင်သည့် အကျဉ်းသား / သူစာရင်းကို ၁၄ ရက် ကြိုတင်ပြုစု၍ တင်ပြရန်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၄ - ၁၂ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၉ / ၂၀၁၉၊ ၁၃ - ၁ - ၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၆ / ၂၀၂၀ နှင့် ၂၅ - ၁ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅ / ၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ